# မိဘ/အုပ်ထိန်းသူ သဘောတူညီလွှာ
## ကျောင်းသားမှတ်တမ်းများ ထုတ်ပေးပါရန် တောင်းခံချက်

သင် သို့မဟုတ် သင့်ကျောင်းသားဖြစ်သူ ______________________________သည် Granite ကျောင်းခရိုင်အတွင်းရှိ ကျောင်းသားများအား အောင်မြင်မှုနှင့် ပညာရေးဆိုင်ရာဖြစ်ထွန်းမှုများ မြှင့်တင်ပေးရန် ဖွဲ့စည်းထားသည့် Promise Partnership တွင်ပါဝင်သည့် အဖွဲ့အစည်း တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသည့် အဖွဲ့အစည်းများထံမှ ပညာရေးဆိုင်ရာ အထောက်အပံ့ဝန်ဆောင်မှုများ ရရှိထားပါသည်။ ဤ Promise Partners တွင် ကျောင်းခရိုင်၊ ဒေသဆိုင်ရာ ကျောင်းများ၊ ကျန်းမာရေးပြုစုစောင့်ရှောက်ပေးသူများ၊ အစိုးရအေဂျင်စီများနှင့် Promise တွင် အမှုထမ်းနေသော လူမှုအဖွဲ့အစည်းများ Kearns ပါဝင်ပြီး သင့်ကျောင်း သို့မဟုတ် သင့်ကျောင်းသား တက်ရောက်နေသောကျောင်း၏ ခေါင်းဆောင်ပိုင်းမှ တောင်းဆိုသည့်အချိန်တွင် ဆောင်ရွက်ပေးပါသည်။

လူငယ်များနှင့် လူကြီးများအတွက် ပညာရေးဆိုင်ရာ ရည်မှန်းချက်များ ရရှိအောင်မြင်ရန် အကူအညီပေးမည့် ထိရောက်သော နည်းဗျူဟာများနှင့် အစီအစဉ်များကို အကောင်အထည်ဖော် လုပ်ဆောင်ရန်အတွက်၊ ဖော်ပြထားသော မိတ်ဘက် အဖွဲ့အစည်း တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် မိတ်ဘက် အဖွဲ့အစည်းများသည် အဆင့်များ၊ ပညာရည်တိုးတက်မှု မှတ်တမ်းများ၊ ကျောင်းခေါ်ကြိမ် မှတ်တမ်းများ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းများ၊ အတန်းအောင်မြင်မှု မှတ်တမ်းများ၊ ကျောင်းသား ID နံပါတ်နှင့် မှတ်ပုံတင် စာရင်းသွင်းထားသော မှတ်တမ်းများ အပါအဝင် ကိုယ်တိုင်ကိုယ်ကျ ခွဲခြားနိုင်သော ကျောင်းသား၏ ပညာရေးဆိုင်ရာ အချက်အလက်များ ကိုကြည့်ရှုဖို့ လိုအပ်နိုင်ပါသည်။ ထိုအချက်အလက်များကို Promise Partners တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော မိတ်ဘက်များ နှင့်လည်း ဝေငှကြည့်ရှုဖို့ လိုအပ်ကောင်းလိုအပ်လာနိုင်ပါသည်။ Promise Partners မှစုစည်းထားသော သို့မဟုတ် မှတ်သားထားသော မှတ်တမ်းများ၊ အချက်အလက်များ သို့မဟုတ် ဒေတာများအား ဆရာများ၊ ကျောင်းအုပ်ကြီးများနှင့် လမ်းညွှန်အကြံပေးပုဂ္ဂိုလ်များကဲ့သို့ ကျောင်းမှအရာရှိများနှင့် ဝေငှကြည့်ရှုရန် လိုအပ်နိုင်သည်မှာ အမှန်ပင် ဖြစ်ပါသည်။

The Family Education Rights and Privacy Act (FERPA) (မိသားစုပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ရေးကိုယ်တာအက်ဥပဒေ)သည် အထက်တွင် ဖော်ပြထားသော Promise Partners များအပါအဝင် တတိယပုဂ္ဂိုလ်များက ကျောင်းသားထံမှ သို့မဟုတ် ကျောင်းသားသည် 18 နှစ်ထက်ငယ်ရွယ်သူဖြစ်လျှင် မိဘသို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦးထံမှ ခွင့်ပြုချက်မတောင်းခံဘဲ ကျောင်းသားမှတ်တမ်းများ၊ အချက်အလက်များ သို့မဟုတ် ဒေတာများအား ကြည့်ရှုခြင်းကို တားမြစ်ထားခြင်းဖြင့် အကာအကွယ် ပေးထားပါသည်။ တရားဝင်ဖြစ်သော ပညာရေးဆိုင်ရာ စိတ်ဝင်စားမှုများကြောင့်ဖြစ်စေ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရေးဆိုင်ရာ အရေးပေါ်အခြေအနေများအရ ဖြစ်စေ၊ တရားဥပဒေအရ ထုတ်ပြန်ထားသော တရားရုံးသို့လာရောက်ရန် ဆင့်ခေါ်စာအရ ဖြစ်စေ၊ သို့မဟုတ် အခြား အမှုကိစ္စများအတွက် ဖြစ်စေ ကျောင်းမှအရာရှိများက အချက်အလက်များပေးရန် တောင်းခံလာသောအခါ ဤယေဘုယျ စည်းမျဉ်းအတွက် ခြွင်းချက်များအဖြစ် လုပ်ဆောင်ရပါသည်။

သင်သို့မဟုတ် သင့်ကျောင်းသားနှင့် ပတ်သက်နေသော မှတ်တမ်းများ၊ အချက်အလက်များ သို့မဟုတ် ဒေတာများကို ကြည့်ရှုခြင်း သို့မဟုတ် ဝေငှခြင်း၏ ရည်ရွယ်ချက်မှာ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စွာ ပေးနိုင်ဖို့အတွက် ဖြစ်ပါသည်။ မှတ်တမ်းများ၊ အချက်အလက်များနှင့် ဒေတာများကို ကြည့်ရှုခြင်း သို့မဟုတ် ဝေငှခြင်း သင်၏ သို့မဟုတ် သင့်ကျောင်းသား၏ ပညာရေး ဆိုင်ရာ အောင်မြင်မှု၊ ဖြစ်ထွန်းမှုကို တိုးမြှင့်လိုသော၊ Promise Partnership အဖွဲ့ဝင်များက ပေးသော ဝန်ဆောင်မှုများ၏ အကျိုးရှိမှုကို တိုးမြှင့်လိုသော ရည်ရွယ်ချက်ကို ဖော်ပြသောအခါ ပြုလုပ်ပါမည်။ မည်သည့် အကြောင်းပြချက်အတွက်ကိုမျှ မှတ်တမ်းများ၊ အချက်အလက်များ သို့မဟုတ် ဒေတာများ တစ်ခုခုကိုမျှ ထုတ်ပေးလိမ့်မည် မဟုတ်ပါ။

အောက်တွင် လက်မှတ်ထိုးခြင်းသည် သင်၏ပညာရေးမှတ်တမ်းများ၊ အချက်အလက်များ၊ သို့မဟုတ် သင်၏ ပညာရေးအဖွဲ့အစည်းမှ ဒေတာများ သို့မဟုတ် ကျောင်းခရိုင်မှ သင့်ကျောင်းသားနှင့်ပတ်သက်သော ဒေတာများကို အခြား မည်သည့် Promise Partners ထံသို့မဆို ထုတ်ဖော်ပြသရန်အတွက် စာဖြင့်ရေးသားထားသည့် သဘောတူညီချက်နှင့် ခွင့်ပြုချက်တို့ကို ပေးခြင်းဖြစ်ပါသည်။ Promise Partner အစီအစဉ်များတွင် စုစည်းသိမ်းဆည်းထားသော သင့်အကြောင်း သို့မဟုတ် သင့်ကျောင်းသားအကြောင်း ဒေတာများ၊ အချက်အလက်များ သို့မဟုတ် မှတ်တမ်းများကို အခြားသော Promise Partners နှင့် ကျောင်းအရာရှိများထံသို့ ထုတ်ဖော်ပြသမှုကိုလည်း သင်သဘောတူညီခြင်းနှင့် အခွင့်ပေးခြင်းလည်း ဖြစ်သည်။

မှတ်တမ်းစာရွက်များမှ မှတ်တမ်းများနှင့် အချက်အလက်များကို Promise Partners မှလွဲ၍ အခြားမည်သူ့ကိုမျှ ထုတ်ဖော်ခြင်း သို့မဟုတ် ထုတ်ပြန်ခြင်း ပြုလုပ်မည် မဟုတ်ပါ။

ဤသဘောတူညီချက်သည် မိဘ၊ အုပ်ထိန်းသူ၊ သို့မဟုတ် လက်မှတ်ရေးထိုးထားသော အသက် 18 နှစ်နှင့်အထက် အရွယ်ရောက်သူတို့မှ သဘောတူညီချက်ကို ရုပ်သိမ်းသည့်အချိန်ထိ သို့မဟုတ် ကျောင်းသား အသက် 18 နှစ်ပြည့်သည့်အချိန်တွင် မိဘ သို့မဟုတ် အုပ်ထိန်းသူ တစ်ဦးမှ လက်မှတ်ရေးထိုးခဲ့ပါက ဆက်လက် အကျိုးသက်ရောက်နေမည် ဖြစ်ပါသည်။

ကျောင်းသားများအတွက် နောက်ထပ်ဝန်ဆောင်မှုများ ပေးရန် Promise Partnership မိတ်ဘက်များအတွင်းသို့ နောက်ထပ် မိတ်ဘက် အသစ်များ ထပ်မံထည့်သွင်းမည့်အကြောင်းကိုလည်း ကြိုတင်ပြင်ဆင်ထားပါသည်။ မှတ်တမ်းများ၊ အချက်အလက်များ သို့မဟုတ် ဒေတာများကို အဖွဲ့အစည်း တစ်ခုခုနှင့်ဖြစ်စေ၊ သို့မဟုတ် မှတ်တမ်းများ၊ အချက်အလက်များ သို့မဟုတ် ဒေတာများ ဝေငှခြင်းသည် ၎င်းတို့အတွက် သို့မဟုတ်

၎င်းတို့ကျောင်းသားအတွက် အကောင်းဆုံးအကျိုးအမြတ်ကို မဖြစ်စေနိုင်ဟု တစ်ယောက်ယောက်က ယူဆသော အခါ မိဘများ၊ အုပ်ထိန်းသူများနှင့် အသက် **18** နှစ်ရှိသူ သို့မဟုတ် ထို့ထက်အသက်ကြီးသူများသည် ဤသဘောတူညီချက်နှင့် ခွင့်ပြုချက်ကို အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်ပါသည်။

**အထက်ပါအကြောင်းအရာများကို ကျွန်ုပ်ဖတ်ရှုပြီးဖြစ်၍၊ Granite ကျောင်းခရိုင်အတွင်း နေထိုင်ကြသော ကျောင်းသားများအား ဝန်ဆောင်မှုပေးနေသည့် Promise Partners မိတ်ဘက်အဖွဲ့အစည်းများ အားလုံးကို ကျွန်ုပ်၏ သို့မဟုတ် ကျွန်ုပ်ကျောင်းသား၏ မှတ်တမ်းများ၊ အချက်အလက်များ သို့မဟုတ် ဒေတာများကို ကြည့်ရှုရန် သဘောတူခွင့်ပြုပါသည်။**

**<u>မိဘ သို့မဟုတ် အုပ်ထိန်းသူ</u>**

______________________________ ______________________________

မိဘ/အုပ်ထိန်းသူအမည် ယနေ့နေ့စွဲ

______________________________ ______________________________

မိဘ/အုပ်ထိန်းသူအမည်လက်မှတ် ကျောင်းသားအမည် (ပုံနှိပ်စာလုံးဖြင့်)

______________________________ ______________________________

မိဘ/အုပ်ထိန်းသူအီးမေးလ်လိပ်စာ (ပုံနှိပ်စာလုံးဖြင့်) ပြည်နယ်ကျောင်းသား ခွဲခြားခြင်း (SSID)

______________________________

ကျောင်းသား၏မွေးသက္ကရာဇ် (DOB)

**<u>အရွယ်ရောက်ပြီးသူကျောင်းသား</u>**

______________________________ ______________________________ အရွယ်ရောက်ပြီးသူ

ကျောင်းသားအမည် (ပုံနှိပ်စာလုံးဖြင့်) ယနေ့နေ့စွဲ

______________________________ ______________________________

အရွယ်ရောက်ပြီးသူ ကျောင်းသား၏အီးမေးလ်လိပ်စာ အရွယ်ရောက်ပြီးသူ ကျောင်းသား၏မွေးသက္ကရာဇ် (DOB)

______________________________

အကယ်၍ သင်သည် ဤသဘောတူညီချက်အတွက် စကားပြန်ကို အသုံးပြုခဲ့ပါက စကားပြန်၏အမည်ကို အထက်တွင် ကျေးဇူးပြု၍ ဖော်ပြပါ။

မေးခွန်းများမေးလိုပါက **Granite School District** ထံ ဖုန်းနံပါတ် **385-646-4009** သို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ။

**ရုံးသုံးအတွက်သာ**

ကျောင်းသား/ခရိုင် ID နံပါတ် – ____________________________

အခြား – __________________________________